# မြန်မာ နအဖ  နိုင်ငံတကာ ရာဇဝတ်ခုံရုံး ဖြေရှင်းရသည့် အခြေအနေရောက်နိုင်

02-06-2008



မြန်မာစစ်အစိုးရအနေဖြင့် နိုင်ငံတကာ ကယ်ဆယ်ရေး အကူအညီများကို နှောင့်နှေးကြန့်ကြာ အောင် ဆက်လုပ်နေမည်ဆိုပါက နိုင်ငံတကာ ရာဇဝတ်ခုံရုံးမှာ ဖြေရှင်းရသည့် အခြေအနေ ဆိုက်သွားနိုင်သည်ဟု ဗြိတိသျှ အတိုက်အခံ ပါတီခေါင်းဆောင်က သတိပေးလိုက်သည်။
တနင်္ဂနွေနေ့ လန်ဒန်မြို့ထုတ် The Independent သတင်း စာပါ ဆောင်းပါးတွင် ဗြိတိသျှ အတိုက်အခံ ကွန်ဆာဗေးတစ် ပါတီခေါင်းဆောင် David Cameron က မြန်မာစစ်အစိုးရအား ယခုကဲ့သို့ သတိပေးလိုက်ခြင်းဖြစ်သည်။ နိုင်ငံတကာ ရာဇဝတ်ခုံရုံးကို ၂၀၀၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး နယ်သာလန်နိုင်ငံ The Hague မြို့၌ ရုံးစိုက်သည်။

အမေရိကန်နိုင်ငံက ဇွန်လတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူမည် ဖြစ်ပြီး မြန်မာ့အရေး လုံခြုံရေးကောင်စီ ဆွေးနွေးမည့်ကိစ္စတွင် ပါဝင်ရမည်ဟုပါ Mr Cameron က သူ့ဆောင်းပါးတွင် ဖော်ပြထားသည်။

နာဂစ်မုန်တိုင်းတလပြည့်သည့်အချိန်တွင် ပထမဆုံး အကဲစမ်းသည့်ကိစ္စမှာ မြန်မာကိစ္စ သတင်း များတွင် ပါနေရမည်၊ မုန်တိုင်းဒုက္ခသည်များ အသက်ရှင်အောင်ကြိုးပမ်းနေမှုကို နိုင်ငံတကာက အာရုံစိုက်နေအောင် လုပ်ရမည်ဆိုသည်မှာ ရှင်းပါသည်ဟု David Cameron က ထောက်ပြသည်။

မုန်တိုင်းပြီးမှ လူများ ထပ်သေရဦးမည်ဆိုလျှင် စစ်အစိုးရမှာ လုံးဝတာဝန်ရှိသည်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ပေးခဲ့သည့် ကတိတည် မတည်သိရန်အတွက် ဘန်ကီမွန်းကိုယ်တိုင် နောက်ထပ် မြန်မာနိုင်ငံသွားရန်လိုသည်ဟုပါ တိုက်တွန်းထားသည်။

ကမ္ဘာကပေးသည့် အကူအညီများ နှောင့်နှေးကြန့်ကြာအောင် လုပ်နေသည့် မြန်မာစစ်အစိုးရကို နိုင်ငံတကာက စစ်အင်အားသုံးဝင်ပြီး မြန်မာဒုက္ခသည်များကို ကူညီသင့်သည်ဆိုသည့်ဘက်က ထောက်ခံပြောဆိုသူများထဲတွင် ဗြိတိသျှအတိုက်အခံ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် David Cameron လည်း ပါဝင်သည်။

# လေဘေးဒုက္ခသည်များအတွက် ရန်ပုံငွေ ပိုမိုလိုအပ်အစားအစာ ပြတ်လပ်နိုင်ဟု ကုလပြောကြား

02-06-2008

**မစ္စဂျိုးစက်ရှီရန်း**




မြန်မာနိုင်ငံရှိ ဆိုင်ကလုန်း လေဘေးဒုက္ခသည် များအတွက် နိုင်ငံတကာမှ လောလောဆယ် ကူညီထည့်ဝင်ငွေများအရ အစားအစာ ထောက်ပံ့ရေး ရန်ပုံငွေ လိုငွေပြနေပြီး အလှူငွေမရရှိပါက လာမည့် ဇူလိုင်တွင် အစား အစာ ပြတ်လပ်သွားလိမ့်မည်ဟု ကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) အမှု ဆောင်ညွှန်ကြားရေးမှူး ဂျိုးဆက်ရှီရန်းက ပြောသည်။

အစားအစာ ထောက်ပံ့ရေးလုပ်ငန်းအတွက်

ဒဗလျူအက်ဖ်ပီက နိုင်ငံတကာသို့ တောင်းခံထားသည့် အမေရိကန်ဒေါ်လာ သန်း (၇၀) အနက် သုံးပုံနှစ်ပုံနီးပါး ရရှိရန် လိုအပ်နေသေးကြောင်းနှင့် ရိက္ခာများ သယ်ယူပို့ဆောင်ရေး လုပ်ငန်း အတွက်လည်း ဒေါ်လာ (၃၂) သန်း လိုငွေပြနေသည်ဟု မစ္စဂျိုးစက်ရှီရန်းက ပြောကြားကြောင်း ကုလသတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

မစ္စဂျိုးစက်ရှီရန်းသည် နာဂစ်လေမုန်တိုင်းဒဏ် ပြင်းထန်စွာခံရသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ (၂) ရက်ကြာ သွားရောက်ခဲ့ကာ လေဘေးဒုက္ခသည်များနှင့် တွေ့ဆုံခဲ့သည်။

၎င်းက "အဲဒီမှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေတယ်။ နိုင်ငံတကာအသိုင်းအဝန်းရဲ့ စဉ်ဆက် မပြတ်ထောက်ပံ့မှုတွေ လိုအပ်နေတယ်။ ခုလက်ရှိ ထည့်ဝင်ထားတဲ့ ငွေနဲ့ပဲဆိုရင်တော့ လာမယ့် ဇူလိုင်လလယ်ပိုင်းမှာ ကျမတို့ အစားအစာတွေ အကုန်ပြောင်သွားပါလိမ့်မယ်" ဟု ပြောသည်။

ဒဗလျူအက်ဖ်ပီသည် လေဘေးအထောက်အပံ့ပစ္စည်းများကို လေကြောင်းမှ မြန်မာနိုင်ငံသို့ သယ်ပို့ပြီး ရန်ကုန်မှ လေဘေးဒဏ်ခံရသည့် ဒေသများဆီသို့ ကုန်တင်ကားများဖြင့် တဆင့် တင်ဆောင်ကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတပိုက်၌ လှေသမ္ဗာန်များဖြင့် ဒုက္ခသည်များကို အစားအစာ ထောက်ပံ့ပေးနေသည်ဟု သိရသည်။

ပထမအသုတ် ခွဲတမ်းအဖြစ် လေဘေးဒုက္ခသည် (၅၇၅,၀၀၀) ဦးအတွက် အစားအစာ လုံလုံ လောက်လောက် ဖြန့်ဝေပေးပြီးဖြစ်သော်လည်း လူအတော်များများထံ အကူအညီများ မရောက်ရှိ သေးကြောင်းနှင့် ဒုတိယ

အသုတ်ခွဲတမ်းအတွက် အစားအစာများ ဖြန့်ဝေရန် လိုအပ်နေကြောင်း သိရသည်။

ဒဗလျူအက်ဖ်ပီက ရန်ကုန်မြို့၌ စတင်ဆောင်ရွက်နေသော မုန်တိုင်းဒဏ် ဆိုးဆိုးရွားရွားခံရ သည့်လူ (၂) သိန်းအတွက် တဦးလျှင် တရက် အမေရိကန်ဒေါ်လာ ဆင့် (၅၀) သီတင်း (၄) ပတ် စာ ကူညီထောက်ပံ့မည့် အစီအစဉ်ကို ဂျိုးဆက်ရှီရန်းက အားပေးသည်။

လက်ရှိအချိန်အထိ ဒဗလျူအက်ဖ်ပီ၏ အစားအစာ အကူအညီအတွက် နိုင်ငံတကာမှ အမေရိကန် ဒေါ်လာ (၂၂.၂) သန်း အလှူငွေ လက်ခံရရှိပြီးဖြစ်ကြောင်း၊ ထိုငွေများမှာ ဥရောပကော်မရှင်မှ (၇.၈) သန်း၊ ကုလသမဂ္ဂ ဗဟိုအရေးပေါ် ဆောင်ရွက်မှု ရန်ပုံငွေ (UN CERF) မှ (၅) သန်း၊ အမေရိကန်မှ (၃.၄) သန်း၊ ဂျာမနီမှ (၁.၅၆) သန်းနှင့် ကျန်ငွေများမှာ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ အီတလီ၊ စပိန်၊ ဂရိ၊ လူဇင်ဘတ်နှင့် အခြားသီးသန့် အလှူရှင်များက ထည့်ဝင်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

မေလ (၂) ရက်နှင့် (၃) ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် မြန်မာနိုင်ငံ၌ လူပေါင်း (၇၇,၀၀၀) ကျော်သေဆုံးပြီး (၅၅,၀၀၀) ပျောက်ဆုံးနေကြောင်း၊ မြစ်ဝကျွန်းပေါ်တွင် လူပေါင်း
(၅) သိန်းမှ (၆) သိန်းထိ ပြန်လည်နေရာချထားပေးရန်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းဆိုင်ရာ အကူအညီပေးရေး အရာရှိများက ခန့်မှန်းသည်။ ။

## နအဖလက်အောက်ပြည်သူတွေရဲ့ဘဂလုံခြုံရေး



ဒီသတင်းတွေကြားရတော့ ဘယ်မှာလည်း ဘဂလုံခြုံရေးဆိုတာ။

နအဖက ပြည်သူတွေ ဘဂလုံခြုံရေးကို လုံးဂ မကာကွယ်ပေးနိုင်ပါလား။

မုန်တိုင်းဘေးဒဏ် ကျရောက်ခဲ့တဲ့နေရာဒေသတွေကို သွားရောက်ကူညီခဲ့တဲ့ ဆရာဂန်တစ်ယောက် ပြောပြလာတာ ကြားရတယ်။

မုန်တိုင်းဒဏ်ခံရတဲ့ ဒေသတွေမှာ မိန်းကလေးတွေရဲ့ လုံခြုံရေး၊ လိင်ကိစ္စနဲ့ ပတ်သက်တဲ့ လုံခြုံရေးဟာ အတော်လေး စိုးရိမ်ဖွယ်ရာ ဖြစ်နေတယ်လို့ ကြားရပါတယ်။

မုန်တိုင်းတိုက်ပြီးစက ရေထဲမှာ ဒုက္ခရောက်လာတဲ့ မိန်းကလေးအချို့ဟာ ဆယ်ယူသလိုနဲ့ ကုန်းပေါ်ဆွဲတင်ပြီး မုဒိမ်းကျင့်ခံရပြီးတဲ့နောက် သတ်ပစ်ခံရကာ ရေထဲ မျှောပစ်တာမျိုးတွေ ခံခဲ့ရတာတွေ ရှိတယ်လို့ ကြားခဲ့ရကြောင်း သူကပြောပါတယ်။
ဒီထက်ပို

တိကျတဲ့ သတင်းကတော့ ကယ်ဆယ်ရေးကလိုလို၊ ကြံ့ဖွတ်ကလိုလို ဟန်ဆောင်ထားသူ တစ်ယောက်ဟာ မိန်းကလေးတစ်ယောက် (အသက်မပြည့်သေးတဲ့ ကလေးလေး) နဲ့ သူမရဲ့ မောင်ငယ်လေးတို့ကို ဒုက္ခသည်စခန်းကို ပို့ပေးမယ်ဆိုပြီး ခေါ်လာပြီးနောက်၊ တစ်နေရာကို ခေါ်သွားပြီး၊ မိန်းကလေးကို အဓမ္မကျင့်ပြီးနောက် တွေ့ရာနေရာ တစ်နေရာကို ပို့ပစ်ခဲ့တယ်လို့ ဆိုပါတယ်။ သိပ်မကြာခင်အချိန်မှာ ကောင်မလေးက ဆေးခန်းတစ်ခုကို သူ့နည်းသူ့ဟန်နဲ့ ရောက်လာပြီး အဲဒီက ဆရာဝန်ကို ဒီအဖြစ်ကိုပြောပြတော့ ဆရာဝန်က နောက်ကျမှ ရောက်လာတဲ့အတွက် သူဘာမှမတတ်နိုင်ကြောင်း စိတ်မကောင်းစွာနဲ့ ပြောပါသတဲ့။ (တကယ်က အခုခေတ်မှာ ကာမစပ်ယှက်ခံရပြီးနောက် (၇၂) နာရီအတွင်းမှာ ကိုယ်ဝန်မရအောင် သောက်လို့ရတဲ့ ဆေးရှိတယ်လို့ ဆိုပါတယ်)။ အဲဒါ တကယ့်ကယ်ဆယ်ရေးစခန်းကို ရောက်လို့ အဲဒီကသူတို့ ဆရာဝန်တွေက သိရတဲ့ အချိန်မှာ ခုနစ်ရက်လောက် ကြာသွားပြီ။ ဘာမှလုပ်လို့ တကယ်မရတော့ဘူးလို့ ကြားရပါတယ်။

နအဖအနေနဲ့လည်း ကိုယ်ကိုတိုင်လည်း မုန်တိုင်းဘေးဒုက္ခဘေးခံစားနေရတဲ့သူတွေကို ထိထိရောက်ရောက် လက်တွေ့မှာလည်း မကာကွယ်ပေးနိုင်ဖူး၊ ကယ်လည်း မကယ်တင်ပေးနိုင်ဖူး၊ လုံလောက်တဲ့ ကယ်ဆယ်ရေးပစ္စည်းတွေလည်း မရှိဖူး၊ တတ်ကျွမ်းတဲ့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအတတ်ပညာတွေလည်း မကျွမ်းကျင်ဖူးဆိုရင် နိုင်ငံတကာက အသိပညာရှင်တွေ အတတ်ပညာရှင်တွေနဲ့ ပြည်တွင်းက ကျွမ်းကျင်သူများနဲ့ လွတ်လွတ်လပ်လပ်တွဲဖက်ပေးပြီး ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေဘဝကို မိမိတို့ အာဏာမက်မောတည်မြဲရေးထက် ပိုပြီး အလေးပေးသင့်ပါတယ်။

ဒီလိုမှ မဟုတ်ရင်တော့ ဒီလို လူမသိ သူမသိ ဆိုးရွားလှတဲ့ အဖြစ်အပျက်တွေ ပြည်သူတွေမှာ ခံစားကြုံတွေ့ရနေဦးမှာ မလွဲပါဘဲ။

ပြည်သူတစ်ဦးချင်းစီတိုင်း ဘဝလုံခြုံမှုပေးနိုင်တဲ့ စစ်မှန်တဲ့ အုပ်ချုပ်သူ ပြည်သူ့ အစိုးရလက်အောက်မှာ ဘဝရှင်သန် ဘေးရန်ကင်းခွင့် မနေးအမြန် ပေါ်ပေါက်ပါစေလို့ ဆုတောင်းပေးလျက်ပါ။